# သေဝါနီး နှုတ်ဆက်ခြင်း

အရှင်ကေလာသ
စက်တင်ဘာ ၂၉၊ ၂၀၁၅။

---

တပည့်တော် ရိုသေစွာ လျှောက်ထားပါသည်။ တပည့်တော်ရဲ့ ဇနီး သေဆုံးသွားသည်မှာ ဆယ်ရက် မြောက်ပါပြီ ဘုရား။ သူ့ အသက် ၃၂–နှစ်ပါ။ မင်္ဂလာဆောင်ပြီး တစ်နှစ်ကျော်ပဲ ရှိပါသေးသည်။ သူ နေကောင်းစဉ်က တရားစခန်း ၆–ကြိမ် ဝင်ဖူး ပါသည်။ သူ ရောဂါ အပြင်းအထန် ခံစားနေရချိန် နောက်ဆုံး ထွက်သက်ထိ ဖြစ်ပျက်တရား မှတ်နိုင်ဖို့ ဘေးကနေ မပြတ် ပြောကြားနိုင်ခဲ့ပါသည်။ ဘေးက အမြင်အရ သေဆုံးချိန်မှာ ရောဂါ အပြင်အထန် မခံစားရဘဲ တရားမှတ်ရင်း ညင်ညင်သာသာနဲ့ အသက်ရှူ ရပ်သွားပါ တယ်လို့ ယူဆရပါသည်တယ် ဘုရား။ ထူးခြားတာက သေပြီးနောက် သုံးရက်မြောက်နေ့ ခေါင်းသွင်းချိန်ထိ လူကောင်းလို လက်နှင့် ခြေထောက်တွေကို ကွေးညွှတ်နိုင်သည်ထိ ပျော့ပျောင်းနေခဲ့ပါသည် ဘုရား။

သူမသေခင်မှာ သူ့ ယောင်းမကို အမေလို့ ခေါ်ပြီး သူ ပြန်လာချင်တယ်လို့ ပြောပါတယ် ဘုရား။ အစ်ကို အစ်မတွေက လူဖြစ်ရတဲ့ ဒုက္ခကို ပြောပြကြလို့ လူဖြစ်ချင်တဲ့ ဆန္ဒကို အနိုင် ယူသွားတယ်လို့ ထင်ရပါတယ်။ နောက်တော့ သူ လူပြန်ဝင်စားဖို့ မပြောတော့ပါဘူး။ သေဆုံးပြီး ၄–ရက်မြောက်နေ့မှာ တပည့်တော် အပါ အဝင် တစ်အိမ်လုံး သိသိသာသာ အမွှေးနံ့ ရပါတယ် ဘုရား။ တပည့်တော်လည်း စူးစူးရှရှကို ရပါတယ် ဘု ရား။ ရက်လည် နေ့မှာတော့ တပည့်တော်ပဲ အမွှေးနံ့ ရပါတယ်။ ၄–ရက်မြောက် ညတုန်းက ရန်ကုန်က အမျိုးတွေဆီ လည်း သူ အသံပေးခဲ့ကြောင်း သိရပါတယ် ဘုရား။ တပည့်တော်တို့က သူ့ကို လူထက် မြင့် တဲ့ ဘုံတစ်ခုကို ရောက်သွားတယ်လို့ ထင်ထားတာပါ ဘုရား။ တပည့်တော် သိချင်တဲ့ မေးခွန်းက ..

၁) သူပေးတဲ့ အမွှေးနံ့က ဘယ်ဘုံက လာပေးတာ ဖြစ်နိုင်ပါသလဲ။
၂) နတ်တွေက အမွှေးနံ့သာ ခဏခဏ ပေးလို့ ရပါသလား (၃၇–မင်း နတ်တွေကို မဆိုလိုပါ)။
၃) လူမဝင်စားခင် ကြားကာလကို ဘယ်ဘုံလို့ ခေါ်ပါသလဲ။
၄) သူ သေဆုံးပုံအရ အပါယ်လေးဘုံမှာ ဖြစ်နိုင်တယ်လို့ အရှင်ဘုရား ယူဆပါသလား။
၅) သိုက်ကို အပါယ်လေးဘုံသားအဖြစ် ယူဆလျှင် သူသေဆုံးပုံ အရ သိုက်က ဖြစ်နိုင်ပါသလား။
၆) ပရလောကသားတွေ မကောင်းတဲ့ ဘုံက အမွှေးနံ့ ပေးနိုင်ပါသလား။
၇) သေဆုံးသွားသူနဲ့ ဆက်သွယ်တယ် ဆိုတာ ဖြစ်နိုင်ပါသလား။

ရှိခိုး ဦးတင်ပါသည် အရှင်ဘုရား ..
အောင်ကျော်မိုး (KLT)

---

အရင်ဆုံး မေးခွန်းတွေကိုပဲ အာရုံစိုက်ပြီး အကျဉ်းမျှ ဖြေပေးမယ်။ ပြီးမှ ကိုယ့်ဟာကိုယ် စဉ်စားနိုင်ဖို့ အတွေးစလေးတွေ ဖော်ပေးလိုက်ပါတယ် ..

၁။ ဘုရားလက်ထက်က လူငယ် မဋ္ဌကုဏ္ဍလီဟာ ဗုဒ္ဓါနုဿတိ အာရုံနဲ့ ကွယ်လွန်လို့ တာဝတိံသာမှာ ဖြစ်ရ တယ်။ သား သောကနဲ့ နေ့စဉ် သုသာန်ကို သွားပြီး ငိုနေတဲ့ သူ့အဖေကို မြင်သိရတဲ့အခါ မဋ္ဌကုဏ္ဍလီနဲ့ ချွတ်စွပ်တူတဲ့ ရုပ်သွင်နဲ့ (လူ့ပြည်ကို) ပြန်လာပြီး သူ့အဖေနားမှာ အသံပြုကြီးနဲ့ အော်ငိုပြတယ် (ဘာကြောင့် ငိုတာ သိချင်ရင် ဆက်ဖတ် .. ဓမ္မပဒမြန်မာပြန် ၁၊ စာ–၃၁)။ ဒါကြောင့် မေးခွန်းပါ အနံ့ဟာ အဆင့်မြင့် နတ်ဘဝ တစ်ခုက ဖြစ်စေ၊ သို့မဟုတ် စုတိစိတ် ကျခါနီးမှာ တစ်ခုခုကို စွဲလမ်းမိလို့ (ဇနီး၊ လင်၊ မိသားစု၊ ပစ္စည်းဥစ္စာ .. စသည်ကို စွဲ လမ်းမိလို့) အဲဒီလို အနံ့ပေးနိုင်စွမ်း ရှိတဲ့ အဆင့်နိမ့် ဘဝတစ်ခုက ဖြစ်စေ .. လာပြီး အသိပေးတာ ဖြစ်နိုင်တယ်။

၂။ အမှတ် (၁)မှာ ဆိုလိုတဲ့ ဘဝနှစ်မျိုးလုံးဟာ အနံ့ပေးတာမျိုး သို့မဟုတ် အသံပြုတာမျိုးတွေကို ခဏ ခဏလည်း လုပ်နိုင်တယ်။ နှစ်သက်ဖွယ် မနှစ်သက်ဖွယ် နှစ်မျိုးလုံးလည်း လုပ်နိုင်တယ်။

၃။ ကြားခံ ဘုံဌာနရယ်လို့ မရှိဘူး။ ဒီလိုတော့ ယူဆနိုင်တယ် .. လူမဝင်စားခင် (ဆိုလိုတာက လူ့ဘဝ မဖြစ် ခင်) ကာမသုဂတိ ၇–ဘုံ (လူ့ဘုံနဲ့ နတ် ၆–ဘုံ) နဲ့ အပါယ် ၄–ဘုံ (၎ရဲ တိရိစ္ဆာန် ပြိတ္တာ အသုရကာယ်)မှာ သက်တမ်းတို ဘဝတစ်ခု (ခေတ္တ ဖြစ်တဲ့ ဘဝတစ်ခု) ဖြစ်တယ် ဆိုရင် ယုတ္တိ ရှိတယ်။

ဒါပေမယ့် ယခု အနံ့ပေးတဲ့ ကိစ္စမှာ (ကွယ်လွန်သူက ပေးတာ မှန်ခဲ့ရင်) ပေးသူဟာ နတ် ၆–ဘုံအနက် တစ်ခုခုက ဖြစ်နိုင်သလို၊ ပြိတ္တာအမျိုးမျိုး (သံယုတ်မြန်မာပြန် ၁၊ ၄၃၆–၄၄၂) အနက် တစ်ခုကလည်း ဖြစ်နိုင် တယ်။ (အမှတ်–၁ နဲ့ ၂–မှာ ရည်ညွှန်းတဲ့ ဘဝနှစ်မျိုးဆိုတာ ဒါကို ဆိုလိုတာ)။ သက်တမ်း ရှည်တို နှစ်မျိုး လုံး ဖြစ်နိုင်တယ်။ သူတို့ကို လူ့မျက်စိနဲ့ မမြင်နိုင်ဘူးလို့ အဲဒီ ကျမ်းစာမှာပဲ ဆိုတယ်။ မမြင်နိုင်တာက သူတို့နဲ့ ကိုယ်တို့ အကြား ခြားနားချက် ရှိလို့ပဲ။ သူတို့က ပြရင်တောင် ကိုယ်တို့မှာ မြင်နိုင်တဲ့ စွမ်းရည် မရှိလို့၊ ကိုယ်တို့က မြင်နိုင်ရင်တောင် သူတို့က မပြနိုင်လို့ စသည်ကြောင့် ဖြစ်နိုင်တယ်။ ဓမ္မတာ ထုံးစံအရ မမြင်နိုင် တာလည်း ဖြစ်နိုင်တာပဲ။ လေတိုက်လို့ သစ်ရွက် လှုပ်ပေမယ့် လေကို ဘယ်တုန်းက ဖြစ်ဖူးသလဲ။ အဲဒါကို ဓမ္မတာ ထုံးစံလို့ ဆိုလိုတာ။

၄။ မြတ်ဗုဒ္ဓ လက်ထက်က ကောသလမင်းရဲ့ မိဖုရား မလ္လိကာဟာ မြတ်ဗုဒ္ဓကို ကြည်ညိုပြီး နာကြား ပွား များထားတဲ့ တရားဓမ္မ အသင့်အတင့် ရှိပေမယ့် တစ်မင် တစ်ဖိုလ်ကို မရခဲ့တဲ့အတွက် မကွယ်လွန်မီ စိတ် မကြည်လင်မှု တစ်ခုကြောင့် အပါယ်ဘုံကို ခေတ္တခဏ ရောက်ရတယ်။ ဒါကြောင့် ဘယ်လောက် တရား ကြာ ကြာ ထိုင်ထား အလှူဒါန လုပ်ထားစေကာမူ ပုထုဇဉ်မှန်ရင် အာမခံချက် မရှိသေးဘူးလို့ သုံးသပ်နိုင်တယ်။

၅။ သိုက်ဆိုတာ အမှတ် (၃) အဖြေပါ ပြိတ္တာ အမျိုးမျိုးထဲက တစ်ခုမှာ ပါတယ်။ အများစု လူတွေထက် ကုသိုလ် ကမ္မပထ နိမ့်တဲ့ အမျိုးပဲ။ ဒါကြောင့် အဲဒီ ဘုံသားတွေက ဒီလူ့ဘုံက လူတွေကို လာခေါ်ရင် သွားကို သွားရတယ် ဆိုတာမျိုး မဖြစ်နိုင် ဘူး။ သူလုပ်ထားတဲ့ သူ့ရဲ့ ကမ္မစွမ်းအားကို ဘယ် ဗြဟ္မာ ဘုရား နတ် သိကြားမှ ကြားဝင် မနှောင့်ယှက်နိုင်ဘူး။ တစ်ခုတော့ ရှိတယ် .. အဲဒီလို ဘဝတစ်ခုနဲ့ အမှန်တကယ် ဘဝချင်း နီးစပ် ပတ်သက် နေရင်၊ လူ့ဘဝအတွက် ကုသိုလ်ကံ အရှိန်လည်း ကုန်ရင်၊ ကိုယ်လည်း နီးစပ်တဲ့ ထိုဘဝဟောင်းကို စိတ်ညွတ်ရင် တိုက်ဆိုင်မှု ရှိနိုင်မယ်လို့တော့ ဘုန်းကြီး ယူဆတယ်။

၆။ နံပါတ် (၂) မေးခွန်းနဲ့ အလားတူလို့ အဖြေလည်း အဲဒီက အတိုင်းပါပဲ။

၇။ ဈာန် အဘိညာဏ် ရသူတွေဟာ သေဆုံးသွားသူတွေကို သိနိုင် မြင်နိုင် ဆက်သွယ်နိုင်တယ်။ ဈာန်အဆင့် ပေါက်အောင် တရား ထိုင်ဖူးတဲ့ ကနေဒါနိုင်ငံသား ရဟန်းတစ်ပါးဆို မကြာခဏ အဲဒီလို လူတွေကို တွေ့နေရကြောင်း၊ အချို့ သူ့ကို စကား လိုက်ပြောကြောင်း အလေးဂရု ပြုနိုင်တဲ့ ဓမ္မမိတ်ဆွေ ဆရာတော် တစ်ပါး မိန့်ဖူးတယ်။ ဈာန်အဘိညာဏ် မရတဲ့ သာမန်လူ အချို့လည်း အဲဒီလို စွမ်းရည်မျိုး တစ်ခါတစ်ရံ ရှိတတ်တယ်။ ဒါပေမယ့် လူသာမန် ဆိုတဲ့အတိုင်း လုပ်စားသူ ရှိနိုင်လို့ အလိမ်မမိဖို့ သတိပြုရလိမ့်မယ်။ အထူးသဖြင့် သောကကြောင့် ဆုံးဖြတ်နိုင်မှု အားနည်းတဲ့ အချိန်မှာ ပိုသတိထား ရလိမ့်မယ်။

## နောက်ဆုံးအချိန်

သေခါနီး လူတစ်ယောက်ကို 'တရားမှတ်နေ .. တရားမှတ်နေ၊ ကိုယ်လုပ်ထားတဲ့ ကုသိုလ်လေးကို အာရုံပြုနော်'လို့ ပြောပြီး ဆရာ သွားလုပ်တာမျိုးကို ဘုန်းကြီးတော့ မကြိုက်ဘူး။ 'ခင်ဗျားက သေတော့မှာ ..'လို့ သွယ်ဝိုက်ပြီး အဓိပ္ပာယ် သက် ရောက်စေလို့ပါ။ စဉ်းစားကြည့်လေ .. ကိုယ်ကျတော့ 'သေ'ဆိုတဲ့ စကားလုံးလေး သုံးမိရင်ပဲ 'ဖပ်ဖပ် .. လွဲစေဖယ်စေ' ဆို တာမျိုးတွေ လုပ်နေပြီး .. သူလည်း ကြားချင်ပါ့မလားလို့။ ဘယ်လောက်ပဲ သူ့ဟာသူ သေမယ်လို့ သိနေစေကာမူ အဲဒါမျိုးကို မကြားချင်ဘူး။ ဒါကြောင့် အဲဒီလို အချိန်မျိုးမှာ သူ့စိတ်ကို ခွန်အားဖြစ်စေမယ့် စကားလုံးနဲ့ အပြုအမူမျိုးပဲ ဖြစ်သင့်တယ်။ ဥပမာ .. သူပါဝင်တဲ့ အလှူပွဲ ဗွီဒီယိုလေးကို  သူနဲ့အတူ ကြည့်တာမျိုး (ဒါတောင် သူ့ကို သေလူအနေနဲ့ နားလည် သွားစေမယ့် အပြုအမူ အပြောအဆိုမျိုး မဖြစ်သင့်ဘူး)။

'အဲဒါ .. မေမေလေ .. ဆရာတော်ကြီးကို သင်္ကန်းကပ်နေတာ .. အဲဒီတုန်းက မေမေက ဘယ်လို ..' စတဲ့ ကိုယ် ချစ်မြတ်နိုးသူနဲ့ အတူ ပျော်စရာ ကြည်နူးစရာ ကုသိုလ် အတွေ့အကြုံလေးတွေကို ခင်းပြတာပြီး မသိမသာ သူ့ အမှတ်ရအောင် လုပ်တာမျိုး၊ သူနားလည်နိုင်တဲ့ (ယခင်က သူ နာယူခဲ့ဖွယ်ရှိတဲ့) ကမ္မဋ္ဌာန်း အလုပ်ပေး တရားခွေ လိုဟာမျိုးကို (သူနှစ်သက်ရင်) မကြာမကြာ တိုးညှင်းစွာ ဖွင့်ထားခြင်းမျိုးတွေက ပိုကောင်းတယ်။ ဒီအခြေ အနေမှာ တရားထိုင်နည်း ခွေက ပရိတ်ခွေထက် ပိုထိရောက်ဖွယ် ရှိတယ်။

## ဆင်ခြင်ပြော

လူနာကို သတင်းမေးတဲ့အခါ ဖြစ်နိုင်ရင် .. ကိုယ်လည်း သူ့လိုပဲ .. ဘာရောဂါ ဖြစ်မယ် မသိ .. သေတော့ သေမှာပဲ .. သေရမှာက သူတစ်ယောက်တည်း မဟုတ်ဘူး။ ငါတို့လည်း တန်းစီ ပြီး စောင့်နေသလိုပဲ ဆိုတဲ့ ဗီလင်မျိုးတွေ ပြရမယ်။ လူ့လောကကို နှုတ်ဆက်တော့မယ့် လူတစ်ယောက်နားမှာ သူ ဂတိဖြောင့်ဖို့ (သေခါနီးမှာ ကြည်နူး ကုသိုလ်စိတ် ဖြစ်မှ ဂတိက ဖြောင့်မှာ) စကားကို ဆင်ခြင်ပြီး ပြောသင့်တယ်။ ဘုန်းကြီး ကြုံဖူးတယ် .. ဆေးရုံမှာ နောက်ဆုံး အချိန်ရောက်နေတဲ့ လူနာကို သတင်း သွားမေးနေခိုက် အကျအန ဝတ်စားလာတဲ့ ပင်စင်စား တစ်ယောက် သတင်း လာမေးတယ်။ လူနာကို ငါးရူပြုံး တစ်ချက်ပေး၊ လက်ကို ဇွေ့ရမ်းပြ၊ ဘေးက ကုလားထိုင်ပေါ်မှာ ထိုင်ပြီး ဟိုလူ့ နှုတ်ဆက်၊ ဒီလူ့ နှုတ်ဆက်။ ဘေး တစ်ယောက်က မေးလို့ ဖြေပုံရတယ် 'ဟုတ်ကဲ့ ကျပော် .. ကျပော် .. ကားအသစ် ဝယ်လိုက်တယ်'တဲ့။ ဘုန်းကြီး အထင် လူနာလည်း သူ့ အသံကို ကြားမှာပဲ။ အဲဒါမျိုးကို ဘုန်းကြီးတော့ မကြိုက်ဘူး။

လူနာကို သတင်း သွားမေးရင် လူနာဟာ နံပါတ်တစ် ဦးစားပေး ဖြစ်ရမှာ။ မသကာ အဲဒီ ပင်စင်စားက လူနာ့ အခြေအနေ ကြည့်ပြီး 'ကျုပ် ဂိုအင်ကာ တရားစခန်း ဝင်ဖို့ ရှိတယ်၊ ခင်ဗျားအတွက်ပါ ကျုပ် စာရင်း

ပေးထားမယ်’ ဆိုတာမျိုး မပြောသင့်ဘူးလား။ (အင်းပါ .. လူနာ အမောဖောက်နေ ချိန်မှာတော့ ဘယ် ပြောလို့ ကောင်းတော့ မလဲ။) တရားကို စိတ်မဝင် စားတဲ့ လူဆိုရင်တောင် အနည်းဆုံး အတူ ဘုရားဖူး သွားကြမယ် ဆိုတာမျိုး မဖြစ်သင့်ဘူးလား။

## ဝါးလုံးကွဲငိုခြင်း

နောက်မှ ရောက်လာတဲ့ မိသားစုဝင်ဟာ သူမခေါ်ဘဲ မမေးဘဲ ‘သား ရောက်ပြီလေ .. သမီးလေ’လို့ ဟို ကိုင်လှုပ် ဒီဆောင့်ဆွဲ မလုပ်သင့်ဘူး။ တစ်ကြိမ် နှစ်ကြိမ်လောက် မသိမသာ အသံ ပေးရုံ၊ သူ ကြားအောင် နောက်ရောက်သူရဲ့ နာမည်ကို အခြား တစ်ယောက်က ခေါ်ရုံဆိုရင် ပိုကောင်းတယ်။ သူ့အနီးမှာ ‘ဝေါ’ ကနဲ နှစ်ယောက် သုံးယောက် ဝါးလုံးကွဲသလို သံပြိုင်ငိုတာမျိုးတော့ မကောင်းဘူး။ ‘မကျိတ်’နိုင်ရင် တစ်နေရာမှာ သွားငိုပေါ့။

နောက်တစ်ခု .. မသေခင် သရဏဂုံ တင်တာ ကောင်းတယ် .. အဲဒါမှ မှန်တယ် ဆိုပြီး သေခါနီး နာရီ ပိုင်းလောက် ကျမှ ဘုန်းကြီးပင့်၊ သက်န်းကပ်၊ ပရိတ်ရွတ်တာမျိုးလည်း အကောင်းကြီးတော့ မဟုတ်ဘူး။ (အဲဒီလို လုပ်တာနဲ့ပဲ ဟိုလူမှာ ဒါ ငါ့ကို သေဖို့အတွက် လုပ်နေကြတာပဲဆိုပြီး စိတ်ပျက် လက်လျှော့နဲ့ ဒေါ မနသ = စိတ်မသက်မသာ ဖြစ်မိရင် ကုသိုလ်ရဖို့ ဖက်ကို အလေးမသာနိုင်ဘူး ဖြစ်သွားတတ်တယ်)။ အတော် အတန် သတိကောင်းတုန်းမှာ အမေ မြန်မြန် ကျန်းမာလာဖို့ ကုသိုလ်ဆက်တဲ့ အနေနဲ့ ဘုန်းကြီး ဆွမ်းကပ်တယ်၊ သက်န်း လှူတယ်၊ မြေရှင်ပြု မြေးမ သီလရှင်ဝတ်၊ ကျောင်းအလှူ ရေစက်ချ ဆိုတဲ့ ခေါင်း စဉ်မျိုး ဖြစ်သင့်တယ်။

(မှတ်ချက်။ ။ နောက် လမ်းညွှန်ချက် အချို့ကို ‘အကြင်နာ သူ့ဆီသို့’ ခေါင်းစဉ်နဲ့ ဓမ္မအမေးအဖြေ အ မှတ်–၃၀၃ မှာ လည်း ဖတ်ကြည့်နိုင်ပါတယ်)။

## ကိုယ့်ဟာ ကိုယ်သိ

ဒါတွေက အမှတ် (၄) မေးခွန်းအတွက် ကိုယ့်ဟာကိုယ် ဆင်ခြင်နိုင်ဖို့ အတွေးစလေးတွေ ဖော်ပေးလိုက် တာပါ။ ဗုဒ္ဓဝါဒီ တစ်ယောက်ဟာ ကိုယ့်ကို ဒီလူ့လောကမှ လမ်းခွဲခါနီးဖြစ်တဲ့ ကိုယ်မြတ်နိုးသူ တစ်ယောက် အပေါ် နောက်ဆုံးအနေနဲ့ ဘယ်လို ပြုမူ ဆက်ဆံရမယ် ဆိုတဲ့ အကြံပေးချက်မျိုး ဓမ္မကထိကတွေ ဟော တာ၊ စာရေးဆရာ ဘုန်းကြီးတွေ ရေးတာကို သိပ်ပြီး မတွေ့မိသေးလို့ ဒီက Hospice (တစ်ပတ်၊ နှစ်ပတ် စသည် .. သေမယ့်ရက် သေချာပြီးသား လူနာတွေကို ထားတဲ့ စေတနာ ဆေးရုံ)တွေက ပို့တဲ့ လက်ကမ်း ကြော်ငြာ စာရွက်ကလေးတွေမှာ ရေးထားတာလေးကို အခြေခံပြီး ဘုန်းကြီးရဲ့ ယူဆချက် အချို့ကို ပြောပြ လိုက်တာပါ။ ❒